
လမင်းမိုမို
ကိုကိုဘာလို့မုန်းတာလဲ

(တစ်)

"ချလွင်"

ရဲထွတ် မျက်စိတွေ ဖျတ်ခနဲ ပွင့်ကာ လန့်နိုးသွားရသည်။ ဘယ်ဘက်ဘေးကို အရင်ကြည့်မိသည်။ နွယ်ယိမ်းမရှိ။ ညာဘက်ဘေးကို ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ...

နှုတ်ခမ်းကို လက်ဝါးလေးနှင့် အုပ်ကာ မျက်လုံးပြူးလေးနှင့် တောင်းပန်ဟန် ကြည့်နေသော နွယ်ယိမ်း။

"ကိုကို လန့်နိုးသွားပြီ"

အသံတိုးကလေးနှင့် တောင်းပန်သလို ဆိုသည်။

ခုတင်ဘေးက စားပွဲကလေး ပေါ်မှာ ကော်ဖီ၊ ထောပတ်ခွက်၊ မီးကင်ပြီးသား ပေါင်မုန့်သုံးချပ်နှင့် ကြက်ဥ မကျက်တကျက်ပြုတ် နှစ်လုံးကို ပန်းကန်ထဲ ထည့်ကာ သပ်ရပ်စွာ ပြင်ထားသည့် ဗန်းကလေး။

နွယ်ယိမ်းက ဖယောင်းပုဆိုး ခင်းထားသည့် သမံတလင်းပေါ် ကျသွားသော ဇွန်းကို အသာကောက်လိုက်၏။ ဘာစကားမှ တုံ့ပြန်မဆိုသော ရဲထွတ်ကို မျက်လုံးဝိုင်း ကလေးနှင့် ကြည့်နေသည်။

အမူအရာ ကလေးက သနားစရာပေမဲ့ ရဲထွတ် ခပ်မဲ့မဲ့ တစ်ချက် ပြုံးလိုက်သည်။ ရုပ်ရှင်ထဲက ရုပ်ရှင်မင်းသမီး တစ်ယောက် ပုံစံမျိုးပဲ မဟုတ်လား။

"ခြောက်နာရီခွဲပဲ ရှိသေးတယ်၊ ကိုကို ပြန်အိပ်ချင်သေးလား"

"ခြောက်နာရီတောင် ခွဲနေမှ ပြန်အိပ်ရမှာလား နွယ်ယိမ်း၊ တို့က နေ့တိုင်း

ခြောက်နာရီခွဲ ထတာ မင်းသိပါတယ်ကွာ"

"ဒါဆို ..."

နွယ်ယိမ်းက ပြောပြောဆိုဆို ရဲထွတ် ရင်ညွှန့်ထိ လွှမ်းထားသော စောင် အနားစကို ဆွဲယူလိုက်သည်။

"ဟော့ ... ဒါဘာလုပ်တာလဲ"

"နွယ်ယိမ်း ခေါက်မလို့"

"ဩော် ... ဩော်"

ရဲထွတ် ပခုံးဆတ်ခနဲ တွန့်ကာ စောင်ကို ခွာပေးလိုက်၏။ ရဲထွတ် ခုတင် ပေါ်က ဆင်းကာ နွယ်ယိမ်း စောင်ခေါက်နေပုံကို စိမ်ပြေနပြေ လက်ပိုက် ကြည့်နေလိုက်၏။

ရဲထွတ်အတွက် မုန့်ဗန်းကို အခန်းထဲထိ သယ်ယူလာတာကို အံ့ဩရင်း ပြုံးချင်နေ၏။ ခုလည်း စောင်ခေါက်နေပုံက အချိုးမကျ။

နွယ်ယိမ်း ဘာသာလည်း သိသည်။ စောင်သည် ခေါက်ရိုးကျိုးပေမဲ့ သပ်ရပ်မှုမရှိမှန်း ရဲထွတ်များ ကြည့်နေမလားဟု မျက်လွှာ လှန်ကြည့်လိုက် သည်။

ကြည့်နေမှန်း သိတော့ မျက်နှာရဲလျက် ရှက်သွားရသည်။ သူ ဟားဦးမှား လား။

"ပေးစမ်းပါဦး"

နွယ်ယိမ်း လက်ထဲက အချိုးမကျသော စောင်ခေါက်ကို ရဲထွတ် လှမ်း ကြည့်လိုက်သည်။

"ဒီမှာကြည့်"

ကျကျနန ခေါက်ပြလိုက်ရင်း ...

"စယူကတည်းက ဟိုဘက်အနားနဲ့ ဒီဘက်အနားကို ညီအောင် ညှိယူမှ ပေါ့၊ ဒီအရွယ်ဆို စောင်ခေါက်တတ်ဖို့ ကောင်းပြီ၊ နွယ်ယိမ်း အသက် ဘယ်လောက်ရှိပြီလဲ"

နွယ်ယိမ်း မျက်နှာ နီနေသည်။

ဟိုတုန်းက ပြောမရ ဆိုမရသမျှ အတိုးချ ပြောနေပြီမှန်း သိလိုက်သည်။ ခု လည်း သိရက်နှင့် အသက်ကို မေးနေပြန်ပြီ။

"နှစ်ဆယ်"

"သြော် ... သြော်၊ နှစ်ဆယ်တင်းတင်း ပြည့်နေတဲ့ မိန်းမပျို တစ်ယောက် ဟာ စောင်လောက်တော့ ခေါက်တတ်ဖို့ ကောင်းပြီ"

"နွယ်ယိမ်း ခုနခေါက်ထားတာ ဒီအတိုင်းပဲဟာ ကိုကို"

"ခု တို့ခေါက်ထားတဲ့ အတိုင်း သပ်ရပ် ညီညာနေသလား နွယ်ယိမ်း"

နွယ်ယိမ်း ခေါင်းငုံ့ရင်း နှုတ်ခမ်း ကိုက်ထားလိုက်သည်။ ကိုကို ဘာလို့ နွယ်ယိမ်းကို ဒီလောက် စိမ်းကား အပြစ်မြင်နေတာလည်း မသိ။

ကိုကိုက နွယ်ယိမ်းကို မြင်ဖူးကတည်းက မုန်းသွားတာပါ။ ကိုကို ဘာ ကြောင့် ဒီလောက် မုန်းရတာလဲကွယ်။

"ဟေး ... ဖြေလေကွာ"

"မ ... မညီညာဘူး"

ရဲထွတ်က သူခေါက်ထားသော စောင်ကို အစတစ်ဖက်က ဆွဲကိုင်ကာ ပြန် ဖွပစ်လိုက်၏။

"ကဲ ... ရော့ ... ပြန်ခေါက်"

နွယ်ယိမ်း လှမ်းယူလိုက်သည်။ ရဲထွတ် ပြောသည့်အတိုင်း အစနှစ်ဖက်ကို ညီညီယူပြီး အတတ်နိုင်ဆုံး သပ်ရပ်အောင် ခေါက်လိုက်၏။

"ဒီမှာ ကြည့်ပါဦး နွယ်ယိမ်း၊ အတွင်းဘက်ထဲက အခေါက်ကို နွယ်ယိမ်း မမြင်ပြန်ဘူး၊ ဒီအတိုင်း တွန့်မနေအောင်ဘဲ မပြင်တော့ဘူးလား၊ ကဲ ... ပြန်ခေါက်ဦး"

ရဲထွတ်က အနားတစ်ဖက်က ကိုင်ကာ ဆွဲဖွပစ်လိုက်ပြန်သည်။ နွယ်ယိမ်း စိတ်ညစ်လှပြီ ဖြစ်၏။ ဒေါသလည်း ထွက်ချင်လာပြီ။

စိတ်ကို အတတ်နိုင်ဆုံး ထိန်းကာ ဖြတ်ကယ် ဖြတ်ကယ် ခေါက်လိုက်သည်။ အလဲ့ ... ဒီတစ်ခါတော့ စောင်ကလေးက သပ်ရပ်လို့ နေရတော့သည်။

"တော်တယ်"

နွယ်ယိမ်း ဝမ်းသာသွားရ၏။ နှုတ်ခမ်းစေ့ကာ မပွင့်တပွင့် ပြုံးရင်း ကိုကို့ကို ရွှန်းရွှန်းလက်လက် မော့ကြည့်လိုက်သည်။

"ကိုကို ... မုန့်စားတော့မလား"

"မျက်နှာ သစ်ရဦးမယ်၊ သွားတိုက်ရဦးမယ် နွယ်ယိမ်း"

နွယ်ယိမ်းက အိပ်ခန်းနှင့် တွဲရက် ရေချိုးခန်းထဲ ဝင်ကာ ဘေစင်နံဘေး နံရံကပ် ဗီရိုလေးထဲက သွားပွတ်တံ၊ သွားတိုက်ဆေး ထုတ်ယူကာ ရဲထွတ်အတွက် အဆင်သင့် ပြင်ပေးလိုက်သည်။

ရဲထွတ်ကတော့ အံ့ဩနေ၏။ နွယ်ယိမ်း ပြောင်းလဲနေပုံကလည်း အံ့ဩစရာပဲ မဟုတ်လား။

"ကိုကို ... ရပြီ"

"နွယ်ယိမ်း အပြင်ထွက်လေ၊ တို့ ရေပါတစ်ခါတည်း ချိုးလိုက်မယ်"

"ဆာနေမလား"

"ရတယ်"

နွယ်ယိမ်း ရေချိုးခန်း အပြင် ပြန်ထွက်ခဲ့၏။

ဒီနေ့ မနက်ထိ နွယ်ယိမ်း နံနက် အိပ်ရာထ သွားတိုက်ကျင့်မရှိ၊ ညစ်ပတ်တာလို့လည်း မထင်။ တစ်ခုခုစားပြီးတိုင်း အိမ်မှာဆို သွားတိုက်သည်။ အပြင်မှာဆိုလည်း ပါးစပ်တော့ ကျင်းဖြစ်အောင် ကျင်းသည်။ ညအိပ်ရာဝင်ခါနီး တစ်ခါတိုက်သည်။

ဒီတော့ မိုးလင်းလင်းချင်း အစာကို တန်းစားတာ အကျင့်ဖြစ်နေပြီ။ ပြီးမှပဲ သွားတိုက် လိုက်သည်လေ။

ခုတော့ ...

အင်းလေ ... နွယ်ယိမ်းလည်း မနေ့က နွယ်ယိမ်းမှ မဟုတ်တော့တာ၊ မနေ့က နွယ်ယိမ်းက အိမ်မှုကိစ္စဆို နှာခေါင်းရှုံ့ကာ ကျောပေးလျက် ခပ်ဝေးဝေးမှာ နေတတ်သော နွယ်ယိမ်း။

ကိုယ့်အိပ်ရာတောင် ကိုယ်မသိမ်းတတ်သည့်၊ ကိုယ့်ဖိနပ်တောင် ဘရပ်ရှ်နုနုလေးနှင့် ကိုယ်တိုင် မပွတ်တိုက်သည့် နွယ်ယိမ်း၊ ပြီးတော့ ကျတော့ ...

အပျိုစင်မကလေး နွယ်ယိမ်းပေါ့။

ဒီနေ့ကစလို့ နွယ်ယိမ်း အိမ်ထောင်ရှင်မလေး ဖြစ်လာပြီ။ နွယ်ယိမ်းမှာ ကိုကိုဟုခေါ်သော ခင်ပွန်းသည် ဦးရဲထွတ် ရှိနေပြီ။

ဦးရဲထွတ် ဆိုတာက စတွေ့ဖူးကတည်းက နွယ်ယိမ်း နောက်ပြောင်ခေါ်သော အမည်။ အမှန်တော့ ရဲထွတ် အသက်က နှစ်ဆယ့် နှစ်နှစ်ပဲ ရှိသေးသည်။ ပြီးတော့ ကျောင်းတောင် မပြီးသေးသည့် ရူပဗေဒ နောက်ဆုံးနှစ်ကျောင်းသား။

နွယ်ယိမ်း သိပ်ချစ်ရသော ကိုကို။

နွယ်ယိမ်းက အတွေးတွေ ဖြတ်တောက်ကာ ရဲထွတ် အဝတ်ဗီရိုကို ဖွင့်

လိုက်သည်။

ကိုကို့ကို ချစ်မိကတည်းက တစ်နေ့ ကိုကို့ကို လက်ဆောင်ပေးဖို့ နွယ်ယိမ်း တိတ်တိတ်ကလေး ဝယ်ထားခဲ့သော ဝတ်စုံတွေများစွာ ရှိသည်။

ခုမနက်တော့ ကိုကိုမနိုးခင် အဲဒီအဝတ်တွေ နွယ်ယိမ်း ရဲထွတ်ဗီရိုထဲ ထည့်ထားသည်လေ။ ကိုကိုက အပွင့်အဆင်တွေ ကျားကျား ကြောင်ကြောင်တွေမှ မဝတ်။

အစင်း ခပ်ကျဲကျဲ အဆင်နှင့် ဖြောင်လောက်သာ ဝတ်တတ်သည်။ ခုမနက် ရဲထွတ်ဝတ်ဖို့ နွယ်ယိမ်း ဘာဝတ်စုံ ထုတ်ရမလဲ စဉ်းစား၏။

ရဲထွတ်ကို ဒီနေ့ နွယ်ယိမ်းကိုယ်တိုင် ကျောင်းကို ကားမောင်းပို့မည်။

ကိုကို သွားနေကျ တူးဒိုး အပြာနုကလေးနှင့် မသွားရ။ နွယ်ယိမ်းတို့ ဆီဒင်ကား နီနီကလေးနှင့်ပေါ့။

တက်ထရွန် အပါးစား ရှပ်လက်တို အဖြူပေါ် ပန်းရောင်နုနု အစင်းကလေးတွေ ပါသည့် အင်္ကျီကို ထုတ်လိုက်၏။ လုံချည်က ကချင်ပုဆိုး နီညိုလေး။

"ဟော"

ရေချိုးခန်းထဲက ရေသံ ရပ်သွားပြီမို့ နွယ်ယိမ်း မျက်နှာသုတ်ပဝါ အဝါရောင်ကြီးကို အပြေးအလွှား ယူရင်း ရေချိုးခန်းဝမှာ ရပ်လိုက်၏။

"ဟောတော်"

ဗီရိုကို ပြန်မပိတ်ရသေး။ ကိုကို ဆူတော့မှာပဲ။ ဗီရိုဆီ မြန်မြန် ပြန်ပြေးလာကာ အသေအချာ ပိတ်လိုက်၏။

တံခါးဖွင့်သံ ကြားလိုက်တော့ ရေချိုးခန်းဆီ ပြန်ပြေး လာရပြန်သည်။ အခန်းက ပေနှစ်ဆယ် ပတ်လည်မို့ နည်းနည်းတော့ ကျယ်သည်။

"ဟာ ..."

ရဲထွတ်က မျက်နှာသုတ် ပဝါကြီးနှင့် ပြေးလာသော နွယ်ယိမ်းကို မျက်လုံးပြူး ကြည့်လိုက်ရင်း ရေချိုးခန်းဝမှာ ရပ်နေဖြစ်၏။

အနား ရောက်သွားပြီးကာမှ နွယ်ယိမ်း လက်တွန့်နေသည်။ မမနွယ်နီက မှာထား၏။ ရေတွေ ဘာတွေ ချိုးပြီးရင် သုတ်ပေး။ အင်္ကျီလေး ဘာလေး ထုတ်ပေး။ ငါးဆို အရိုးထွင်၊ ညကျ ကန်တော့တဲ့။

"ဟိတ် ... ဒါဘာလုပ် မလို့လဲ"

"သုတ်ပေးရမယ်တဲ့"

"ဟေ ... ဘာရယ်"

"ဟို ... ဟို ... နွယ်ယိမ်း ရေသုတ်ပေးမလို့"

"အား ..."

ရဲထွတ်က မျက်နှာကို ရှုံ့တွပစ်လိုက်သည်။

နွယ်ယိမ်း လက်ထဲက မျက်နှာသုတ် ပဝါကို ဆွဲယူရင်း ကိုယ်ကို ပွတ်တိုက် သုတ်လိုက်သည်။

ကျောခိုင်းရင်း သူ့ဘာသာ ရေသုတ်နေသော ရဲထွတ်ကို ကြည့်ရင်း နွယ်ယိမ်း နောက်တစ်လှမ်း ဆုတ်ရပ်လိုက်၏။

"တို့ နှစ်ဆယ့်နှစ်နှစ် ကျော်ပြီကွ၊ နှစ်လသားလေးလည်း မဟုတ်ဘူး၊ နှစ်နှစ်သားလေးလည်း မဟုတ်ဘူး"

ပြောရင်းက လှည့်ကြည့်လိုက်တော့ နွယ်ယိမ်း မျက်နှာလေးက မဲ့မဲ့လေး ဖြစ်လို့ နေရသည်မို့ ...

"ကြားလား နွယ်ယိမ်း"

ဟု ဆိုလိုက်ရ၏။

"ဟုတ် ... ဟုတ်ကဲ့"

"ကဲ ... အပြင်ထွက်၊ တို့ အဝတ်လဲမယ်"

"ရှင် ..."

နွယ်ယိမ်း လှစ်ခနဲ ပြုံးလိုက်မိတော့ ရဲထွတ် မျက်နှာကြီးက တည်သွားရသည်။ မကျေနပ်သလို မျက်နှာကြီးကလည်း စူသွားရ၏။

"နွယ်ယိမ်းတို့ အရင်ကတည်းက တစ်အိမ်တည်း နေကြတာ နှစ်နှစ်တိတိ ရှိပြီ"

"ဒါပေမဲ့ ... အရင်က တို့က ဘာမှ မဆိုင်ကြဘူးလေ"

နွယ်ယိမ်း မျက်နှာကို ပင့်မော့လိုက်သည်။ လက်နှစ်ဖက် နောက်ပစ်ရင်း ...

"ခု ဆိုင်ပြီလေကိုကို၊ ဆိုင်လို့လည်း ခုလိုနေတာပေါ့ကွ၊ ခု ကိုကိုရယ်၊ နွယ်ယိမ်းရယ်က ဘာလဲ၊ ဘာမှ မတော်ဘူးလား၊ ဟုတ်လား"

ရဲထွတ်က နွယ်ယိမ်းကို စူးရဲစွာ ကြည့်လိုက်သည်။ မျက်ဝန်းတွေကလည်း တည်အေးသွားရ၏။

"မင်းက မဆိုင် ဆိုင်အောင် လုပ်ထားပြီပဲကွာ"

"ပြောရက်လိုက်တာ ကိုကိုရယ်"

နွယ်ယိမ်း မျက်ရည်ဝဲခနဲ ဖြစ်သွားရသည်။

မနေ့ကမှ လက်ထပ်သည်။ ဒီနေ့ သူနှင့် အချေအတင်တော့ အဖြစ်မခံနိုင်။ နွယ်ယိမ်း ကိုကို့ကို ချစ်သည်လေ။ ဒါကြောင့်လည်း ရအောင် ယူခဲ့တာပေါ့။

ကတောက်ကဆ အဖြစ်မခံနိုင်။

"နွယ်ယိမ်း အင်္ကျီထုတ်ထားတယ်"

အိပ်ရာခင်း ဖြူဖြူပေါ် တင်ထားသည့် ပုဆိုးနှင့် ရှပ်အင်္ကျီကို နွယ်ယိမ်း ကောက်ယူလိုက်သည်။

"ဒါ ... ဒါတွေက"

"နွယ်ယိမ်း ထုတ်ထားတာလေ၊ ကိုကို ကျောင်းကို ဝတ်သွားဖို့"

"ဘယ်သူ့ အင်္ကျီတွေလဲ"

"ကိုကိုကလည်း ကိုကို့အတွက် နွယ်ယိမ်း ဝယ်ထားတာပါ၊ ကြာပြီ၊ ကိုကို က ခုမတွေ့လို့"

ရဲထွတ် မျက်မှောင်ကုတ်လျက် တအံ့တဩ ဖြစ်နေသည်။ အင်္ကျီတွေကို ကြည့်နေရင်းက ခေါင်းခါလိုက်၏။

"ဟာ ... ကိုယ့်ဘာသာ ကြိုက်တာ ဝတ်ပါရစေကွာ"

နွယ်ယိမ်း ရင်မောသွား၏။

ရဲထွတ်က ဗီရိုကို ဖွင့်လိုက်သည်။

"ဟင် ..."

မျက်လုံးပြူး သွားရပြန်ရင်း နွယ်ယိမ်းကို လှမ်းကြည့်မိ၏။

"ဒါ ... ဒါတွေကကော"

နွယ်ယိမ်း ကြောင်တောင်တောင်ကလေးပဲ ငေးစိုက် ကြည့်နေလိုက်သည်။ ရဲထွတ်ကို အံ့ဩနေမိ၏။ အစက မုန်းတာ၊ စိမ်းကားတာ ထားပါတော့။ လက်ထပ်ပြီး ဇနီးမောင်နှံ တော်စပ်နေမှ သူက ပိုလို့ စိမ်းကားနေပါလား။

သူ့ကို ကြည့်ရတာ မိုးကုပ်စက်ဝိုင်းထိ တစ်မျှော်တစ်ခေါ် စိမ်းလွင် တောက်ပနေသော မြက်ခင်းပြင်ကြီး တစ်ခုပေါ်မှာ တည်ရှိနေတဲ့ မြ

ကျောက်တစ်ပွင့်ကို ကြည့်ရတာထက် စိမ်းလွန်းသေးသည်။

"မင်း ဝယ်ထားတာ ချည်းပဲလား"

"ဟုတ်တယ်"

"သြော ..."

ဒီတစ်ခါတော့ နွယ်ယိမ်း ကိုယ်တိုင်က ခပ်ပြတ်ပြတ် ဖြေလိုက်မိလေတော့ သူ့ဟန်ပန်သည် ဆိုဖွယ် မရှိတော့ချေ။

"မထူးဆန်းပါဘူး မနွယ်ယိမ်းရယ်၊ ကျွန်တော် မသိလိုက်ဘဲ ခင်ဗျား လုပ်လုပ်ပစ်တာတွေ ဒီအရင်လည်း ရှိနေတာပဲ၊ ရှိခဲ့တာပဲ"

ဘာကို ဆိုလိုမှန်း နွယ်ယိမ်း နားလည်လိုက်လို့မို့ ရင်ထဲမှာ နင့်ခနဲ အောင့်သည်။

ရဲထွတ်က ရှပ်အင်္ကျီ အဖြူတစ်ထည်နှင့် ယောလုံချည် အညိုမှောင်မှောင်ကလေးကို ထုတ်လိုက်၏။ ပြီးတော့ သူ့ဘာသာ ဝတ်နေသည်။

နွယ်ယိမ်း ထုတ်ထားသော ဝတ်စုံကို လက်ထဲ ဆုပ်ကိုင်ထားရင်းက နွယ်ယိမ်း ရဲထွတ် လှုပ်ရှားမှုတွေကို လိုက်ကြည့်နေလိုက်သည်။

ကချင် လွယ်အိတ်အနီထဲ စာအုပ်အချို့ ထည့်နေသည်။ စားပွဲပေါ်က စာအုပ်တွေ အားလုံးကို အံဆွဲထဲ ထည့်လိုက်ရင်းက အံဆွဲထဲမှ လက်ပတ်နာရီ ထုတ်ယူ၏။

ဒီလက်ပတ် နာရီကိုမြင်တော့ နွယ်ယိမ်း တုန်လှုပ်လာသည်။ ရဲထွတ်မှာ သူ့ ဒက်ဒီ ဝယ်ပေးထားသော နာရီလည်းရှိသည်။ ဒီနာရီကလေးလည်း ရှိသည်။

ဒီနာရီကို ခုချိန်မှာ သူအမြတ်တနိုး ပတ်နေဖို့ မသင့်တော့။ ဒါပေမဲ့ သူ ယုယစွာ ကိုင်တွယ်၍ သူ့ညာလက်မှာ ဝတ်ဆင်နေသည်။

နွယ်ယိမ်း ရင်ထဲမှာ တစစ်စစ် နာလာ၏။

"ကိုကို ..."

အော်ခေါ် ပစ်လိုက်သည်။ ရဲထွတ် ဆတ်ခနဲ လှည့်ကြည့်၏။ နွယ်ယိမ်း မျက်ရည် ဝဲလာသည်။

"အဲဒါ ခိုင်ဦးသောင်း ပေးထားတာမို့လား"

"သူ ... မင်းထက် အသက်ကြီးတယ်ကွ"

ဩော် ... နွယ်ယိမ်းက သူ့ကို မမလို့ ခေါ်ရဦးမှာလား၊ နွယ်ယိမ်း လက်ထဲက အင်္ကျီနှင့် လုံချည်ကို စုကိုင်ကာ အခန်းထောင့် ပစ်ပေါက်လိုက်သည်။

ရဲထွတ်က ပခုံးကို ဆတ်ခနဲ တွန့်လိုက်သည်။

"သူပေးတာလေ၊ သူပေးတာမို့ ပတ်တာပေ့ါကွ၊ ငါ စက္ကန်းရီးယားတုန်းက ဖိုးဒီထွက်လို့ဆိုပြီး အမှတ်တရ ဆုချထားတာပဲ"

"ကိုကို မပတ်ပါနဲ့တော့၊ ဒက်ဒီ ပေးထားတာ ရှိလျက်နဲ့၊ ပြီးတော့ ခုနေခါမှာ ကိုကိုဟာ နွယ်ယိမ်းရဲ့ ယောကျ်ားကွ၊ သိရဲ့လား"

ရဲထွတ်က ခုတင်ပေါ် လာထိုင်ကာ ကော်ဖီ ငုံ့သောက်၏။ ပေါင်မုန့်ကို စိမ်ပြေနပြေ ထောပတ်သုတ်ကာ စားသည်။

"မငိုပါနဲ့ကွာ ... မငိုပါနဲ့၊ မင်းငိုရင် ငါအရိုက်ခံရမယ် ထင်တယ်ကွ၊ ဒက်ဒီက မင်းကို ငိုအောင်လုပ်ရင် ကမ္ဘာပျက်အောင် ဆူတတ်တာ၊ ခုလို ငါတို့ လက်ထပ်ပြီးမှဆိုရင် ရိုက်တောင် ရိုက်မှာထင်တယ်"

သူပြောချင်ရာ ပြောရင်း စားနေ၏။ ပါးစပ်ကို လက်သုတ်ပဝါနှင့် သုတ်တော့ ...

"ကြက်ဥ"

နွယ်ယိမ်း သတိပေးလိုက်သည်။

"ညီတယ်၊ ငါမကြိုက်ဘူး၊ ကြော်ရင် ကြိုက်တယ်၊ သွားမယ်"

"နေဦး ... နေဦး"

နွယ်ယိမ်းက မုန့်တင်ခုံပေါ်က ဆီဒင်ကားသော့ကို လှမ်းယူရင်း ...

"ကိုကို ... ခေါင်းဖြီးဦးလေ"

"နေ ... နေဦး၊ ကားသော့က ဘာလုပ်ဖို့လဲ"

"နွယ်ယိမ်း လိုက်ပို့မလို့ပါ"

"ဘာ ... လိုက်ပို့မယ်"

ခေါင်းခါရင်း ရဲထွတ်က ထွက်သွားတော့ နွယ်ယိမ်း နောက်က အပြေး လိုက်ရသည်။

"မပို့နဲ့ကွာ၊ တို့ဘာသာ တို့ပဲသွားမယ်၊ မင်းလိုက်ပို့ရင် မင်းကားရပ် လိုက်တဲ့အခါ အဲဒီနားမှာ လူအုံနေတော့မှာပေါ့၊ ကျောင်းဝင်း တစ်ခုလုံး ဝက်ဝက်ကွဲသွားမှာပေါ့၊ နွယ်ယိမ်းနွေ ... လာတယ်ဟေ့ဆိုပြီး တစ်ကျောင်းလုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်မယ်၊ ရှက်စရာကြီးကွာ"

"ရှက်စရာကြီး"

ကိုကို့စကားကို သံယောင်လိုက်ရင်း နွယ်ယိမ်း လှုပ်တောင် မလှုပ်နိုင်တော့။

ရဲထွတ်ကတော့ အိမ်ပေါက ပြေးဆင်းကာ ကိုစံခင် ထုတ်ထားပြီးသား တူးဒိုးအပြာ ကလေးပေါ် တက်မောင်းကာ လှည့်ကြည့်ဖော်ပင် မရဘဲ ထွက်သွား၏။

နွယ်ယိမ်း အသက်မဲ့သူ တစ်ယောက်လို ကျန်ရစ်သည်။ လက်ထဲက ကားသော့ကလေးက ညှော့ခန်း ကော်ဇောပေါ် ဒေါက်ခနဲ ပြုတ်လို့ကျသည်။

ကိုကို ဘယ်လို ယောကျ်ားလဲ။

ကိုကို ဘာကိုရှက်တာလဲ။ နွယ်ယိမ်း လိုက်ပို့မှာ ဘာရှက်စရာ ရှိသလဲ။ ရုပ်ရှင်မင်းသမီး နွယ်ယိမ်းနွေ့ရဲ့ ယောကျ်ား တစ်ယောက်ဖြစ်တာ ကိုကို့အတွက် ရှက်စရာလား ကိုကို။

***

ကျောင်းရောက်ရောက်ချင်း အိုင်စီကင်တင်းဘက် ခြေဦးလှည့်လိုက်သည်။ ထိုင်နေကျ နေရာမှာ သူငယ်ချင်းတွေ ရှိနေကြမည်။

ရဲထွတ် ရောက်လာတော့ သူတို့ အံ့ဩသွား၏။

"ဘာဖြစ်လို့ ကျောင်းတက်တာလဲကွ"

"ဘာပြောတယ်ကွ၊ ငါက ဘာကိစ္စ ကျောင်းမတက်ဘဲ နေရမှာလဲ"

စိုးနိုင်နှင့် တင်မျိုးမြင့်က ရဲထွတ်ကို ေးစိုက် ကြည့်နေရာက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်သည်။

"တစ်ပတ်လောက် မဟုတ်ရင်တောင် တစ်ရက် နှစ်ရက်တော့ ကျောင်းပျက်မှာပဲ ထင်တာ"

"ညနေက ခြံထဲမှာ ကတည်းက ပြောလိုက်သားပဲကွာ၊ ဒီနေ့ တက်မှာပါလို့"

"မင်းကိုကြည့်ရတာ တစ်မျိုးပဲ"

ရဲထွတ် ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်သည်။ ပြီးတော့ ခေါင်းပြန်မော့ရင်း ဟက်ခနဲ ရယ်မိသည်။ စိုးနိုင် ဘာကို ဆိုလိုတာလဲ သူသိသည်။

လက်ထပ်ပြီးကာစ ယောကျ်ား တစ်ယောက်နှင့် နည်းနည်းမှ မတူသော ရဲထွတ်ကို သူတို့အံ့ဩတာ အပြစ်ဆိုဖွယ်မရှိ။

ပြီးတော့ ကျတော့လည်း စိုးနိုင်နှင့် တင်မျိုးမြင့်က ခိုင်ဦးသောင်းအကြောင်း ကောင်းကောင်း သိသည်။

နွယ်ယိမ်း အကြောင်းလည်း နည်းနည်းပါးပါး သိသည်ပေါ့လေ၊ ဒါပေမဲ့ သူတို့ သိတာတွေက နွယ်ယိမ်းဆိုးတာ ရဲထွတ်နှင့် မတည့်တာတွေလောက် အပေါ်ယံတွေသာ ဖြစ်၏။

နွယ်ယိမ်းနှင့် ရဲထွတ် ဖုတ်ပူမီးတိုက် လက်ထပ် ဖြစ်သွားတာကို သူတို့ အံ့သြကြရသည်။

"မင်းကိစ္စကိုလည်း နည်းနည်း ပြောစမ်းပါဦး ရဲထွတ်ရာ"

"မပြောချင် ပါဘူးကွာ၊ ငါတို့ ယူလိုက်ကြတယ်၊ ဒါပါပဲ"

"မင်း အချင်းချင်း ကျိုးတိုးကျဲတဲ လုပ်ပြီလား ရဲထွတ်ရာ၊ မင်းအဘိုးကြီးနဲ့ သူ့အဘွားကြီး စီစဉ်တာလား"

"အဲဒါလည်း ပါပါတယ်"

"မယူမဖြစ် ဖြစ်နေလို့လား"

ရဲထွတ် ခေါင်းခါလိုက်သည်။ ကျောင်းဝင်းထဲ ရောက်လာပြီဆိုတော့ ခိုင်လေးကို ပိုသတိရလာသည်။ ရင်ထဲမှ ငိုနေရတာ ဘယ်သူမှ သိမှာမဟုတ်။

ခိုင်လေးလည်း သိမယ်မထင်။ ခုလောက်ဆို သစ္စာဖောက်တယ်လို့ ထင်နေရောပေါ့လေ။

တွေးရင်းက နွယ်ယိမ်းကို ပိုပိုဒေါသ ထွက်လာသည်။ နွယ်ယိမ်း ... နွယ်ယိမ်း၊ မင်းသာ ရှယ်တူ ယောကျ်ားတစ်ယောက် ဆိုရင် ငါ သူနိုင်ကိုယ်နိုင် ချပစ်မှာပဲကွာ။ အသေကို တီးပစ်မှာပဲ။

"ခိုင်ဦးသောင်းကို မင်း သစ္စာမဲ့ရာ ကျနေပြီ"

"ဘယ်တတ်နိုင်မလဲ တင်မျိုးမြင့်"

ပြောရင်းက မေးကြောပါ ထောင်လာအောင် ရဲထွတ် အံကြိတ်မိသည်။ စိုးနိုင်တို့တော့ ဘာမှ နားမလည်နိုင်တော့။

ခိုင်ဦးသောင်းနှင့် ရဲထွတ် အကြားမှာ ဘာပြဿနာမှ မရှိတာ သူတို့သိသည်။ တစ်ယောက်ကို တစ်ယောက် သူတို့ သိပ်ချစ်ကြသည်။

နှစ်ယောက်စလုံး လိုက်ဖက်အောင် ချောမော သန့်ပြန့်သူချည်းပဲမို့ သူတို့နှစ်ယောက် ယှဉ်လျှောက်လျှင် ရုပ်ရှင်မင်းသားနှင့် မင်းသမီးလို တစ်ကျောင်းလုံး ငေးနေကြရ၏။

ရဲထွတ်ကို ကွယ်ရာမှာ မင်းသားဟု ခေါ်သလို ခိုင်ဦးသောင်းကတော့ မင်းသမီးဟု အခေါ်ခံရသည်လေ။

ခုတော့ ရဲထွတ်တစ်ယောက် တကယ်ပဲ မင်းသမီးနှင့် ရပြီ။

"မင်းတို့ လက်ထပ်တာ မနေ့ကမှနော်၊ လက်ထပ်ပြီးစီးခြင်း သတင်းလည်း မနေ့က သတင်းစာမှာ ပါတယ်၊ ဒါပေမဲ့ ဒီနေ့မနက် ရှစ်နာရီခွဲကျော်ရုံ ရှိသေးတယ်၊ ငါတို့ကို လာမေးနေတာ ဆယ်ယောက်ကျော်ပြီ"

"ဘာလာမေးတာလဲ"

"ရဲထွတ်တစ်ယောက် နွယ်ယိမ်းနွေနဲ့ လက်ထပ်တယ်နော်၊ ဘာညာပေါ့ကွာ၊ ကောင်မလေးတွေ များတယ်"

"သိပ်ကို ကြီးကျယ်ကျော်ကြား နေပြီလားကွာ"

"အေးပေါ့ ရဲထွတ်ရာ၊ မင်း နွယ်ယိမ်းနွေက သာမန်အရပ်သူ တစ်ယောက်မှ မဟုတ်ဘဲ"

ရဲထွတ် စိတ်ပျက်လက်ပျက် ခေါင်းခါမိတော့သည်။ မျက်နှာတွေရဲကာ မျက်လုံးက ရီဝေမှုန်မှိုင်းနေသော ရဲထွတ်ကို ကြည့်ရင်း စိုးနိုင်ရော တင်မျိုးမြင့်ပါ စိတ်မကောင်းနိုင်။

"သူကကော အရင်အတိုင်းပဲလား"

ရဲထွတ် ခေါင်းခါရင်းက ခပ်မဲ့မဲ့ ရယ်လိုက်သည်။

"ငါ့ကို လိုက်ချော့နေတယ်"

"ချော့တယ် ဆိုရအောင် သူက ..."

စကားထဲက တစ်စွန်းတစ်စတော့ ပေါ်သွားပြီ။ ရဲထွတ် ဆုံးဖြတ်ချက် ချလိုက်ရင်း ...

"အရှင်းဆုံး ပြောရရင် ငါတို့ လက်ထပ်ဖို့ ကိစ္စကို ဖိတ်စာတွေ ဝေပြီးမှ ငါ သိရတယ်၊ အဲလောက်ဆို သိရောပေါ့"

"ဟောဗျာ"

နှစ်ယောက်သား အံ့သြနေရတော့သည်။

"တနင်္ဂနွေနေ့ ညနေ မင်္ဂလာဆောင် ရမှာကို သောကြာနေ့ ညနေကျမှသိတဲ့ သတို့သား ဟား ... ဟား"

ရဲထွတ် ရယ်သံက နာကြည်းမှုနှင့် အက်ကွဲနေသည်။

"ငါ ... နွယ်ယိမ်းကို မုန်းတယ်ကွာ"

စိုးနိုင်တို့လည်း တရားမချတတ်။ အေး ... ဟုတ်တယ်၊ မုန်းစရာပဲဟုလည်း အားပေးအားမြှောက် မပြုလို။ ဘာပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခုတည်ဆောက် ပြီးသွားပြီ။ အရှည်သဖြင့် အဆင်ပြေဖို့သာ အဓိကပဲပေါ့။

"ဟော"

တင်မျိုးမြင့် ဆတ်ခနဲ တုန်လှုပ်သွားသည်။ ရဲထွတ် ဖျတ်ခနဲ နောက်ဘက်လှည့်ကြည့်လိုက်၏။

"ဟင် ..."

မလှမ်းမကမ်းက လာနေသော ခိုင်လေး ... ခိုင်လေးရယ်။ ခါးထိရှည်သော ဆံပင်ဖြောင့်ဖြောင့်ကို ပါးပါးလေး ဖြန့်ချကာ သူ့ပုံစံလေးအတိုင်း တည်တံ့စွာပဲ လှမ်းလာနေသည်။

"ခိုင်လေး"

တိုးတိတ်စွာ နှုတ်ကရွတ်ရင်း ရဲထွတ် မတ်တတ်ရပ်ပြီးသား ဖြစ်သွားရသည်။

မျက်အိမ်ကျယ်ကျယ်၊ မျက်တောင် ထူထူနက်နက် ကလေးတွေ ဝိုင်းရံထားသော ရဲထွတ်မျက်ဝန်းက မျက်ရည်ဝဲတော့ ပိုလို့ တောက်ပနေတော့သည်။

ခိုင်ဦးသောင်းက ရဲထွတ်ရှေ့ရောက်လာကာ ခေါင်းငုံ့ထားရင်းက ...

"ဒီဘူးထဲမှာ စာတွေပါတယ် ကိုရဲထွတ်၊ ပို့စကတ်လေးတွေနဲ့ ဓာတ်ပုံပါ ပါပါတယ်၊ ပြန်ယူပါ ... ရော့"

ရဲထွတ် ရင်ထဲမှာ အင့်ခနဲ အောင့်သွားရရင်း ...

"ဘာလို့ ပြန်ပေးတာလဲ ခိုင်လေးရယ်၊ ပြီးတော့ တို့ကို ကိုရဲထွတ်လို့ မခေါ်ပါနဲ့ကွာ"

ရဲထွတ် အသံတွေ တုန်နေရသည်။

ခိုင်ဦးသောင်း လက်ကလေးတွေလည်း တဆတ်ဆတ် တုန်နေသည်မို့ လက်ထဲက ကတ်ဘူး ဖြူဖြူလေးကပါ ရောယောင် လှုပ်ရှားနေရသည်။

"မမကြီးက ပြန်ပေးခိုင်းလို့ပါ"

မမကြီးဆိုတာ ချိုဦးသောင်း။ ရဲထွတ်နှင့် ခိုင်လေး ဇာတ်လမ်းမှာ အမြဲအကူအညီ ပေးတတ်သူပါပဲ။

"မမကြီးက ဘာလို့ ပြန်ပေးခိုင်း တာလဲဟင်"

"ခိုင်လေး၊ သံယောဇဉ်အရစ် ရှည်နေမှာစိုးလို့တဲ့၊ ရော့ ... ယူလေ ကိုရဲ၊ ခိုင်သွားတော့မယ်"

"ကိုယ်ပေးထားတာ တစ်နေ့နေ့မှာ ပြန်ယူမဲ့ ရည်ရွယ်ချက်နဲ့မှ မဟုတ်

တာ"

"အို ... ခုဟာက"

ခိုင်လေး စကားမဆက်နိုင်။ မျက်နှာလေးက ဆတ်ခနဲ မော့လာသည်။ ဘူးကို ရဲထွတ်က ပြန်မယူတော့။ ဘေးက စားပွဲပေါ် ချလိုက်၏။

"အိမ်ရောက်ရင် ကိုရဲ မီးရှို့ပစ်ရမယ်နော်၊ သူများတွေ တွေ့သွားရင် အလကား မဖြစ်သင့်တာတွေ ဖြစ်ကုန်မယ်၊ ခိုင့်စာတွေလည်း အကုန်ပြန်ပေး"

"မပေးဘူးကွာ"

ခိုင်ဦးသောင်း မျက်ဝန်းမှာ မျက်ရည်စတို့က တစ်စစ များပြားလာရသည်။ မျက်ရည်ကြားကပင် မျက်ဝန်းအကြည့်က ပြတ်သားခြင်း အပြည့်နဲ့ပါလား။

သြော် ... ခိုင်လေးရယ်။

"ခိုင်တောင်းရင် ပေးရမှာပေ့ါ"

ပြောနေကျ စကားလေးကို ပြောသည်။ ခိုင်က ဒီလိုပင် ဖွတ်တရွတ်ကလေး ဆိုတတ်သည်။

"ခိုင်ပြောရင် နားထောင် ရမှာပေ့ါ"

"ခိုင်မေးရင် ဖြေရမှာပေ့ါ"

စသော စကားလေးတွေနှင့် အနိုင်ရမည်ကို အပိုင်ကြိုသိလျက် အနိုင်ယူမြဲဖြစ်သည့် အတိုင်းပါပဲ။ ခုလည်း ...

"ပေးဆို ပေးရမယ် ကိုရဲ၊ ခိုင် နက်ဖြန်လိုချင်တယ်၊ မဖြစ်နိုင်တာ ဘာမှ မလုပ်ချင်နဲ့တော့"

ခိုင်ဦးသောင်းကို ကြည့်ရင်း ရဲထွတ် ရင်ထဲမှာ နှလုံးသားက တရိရိ လောင်ကျွမ်း နေရတော့သည်။

"တို့မှာ ပြောစရာတွေ ရှိတယ် ခိုင်လေးရယ်၊ အကုန် ပြောပြချင်တယ်"

သည်တစ်ခါတော့ ခိုင်ဦးသောင်း ပြုံးသော အပြုံးက နားလည်တတ်သော မိန်းမတစ်ယောက် အပြုံးမျိုးဟု ရဲထွတ် ထင်သည်။

"ဘာပဲဖြစ်ဖြစ်ပေ့ါ ကိုရဲရယ်၊ ခိုင့်ကို ဘာမှ ပြောစရာ မလိုပါဘူး၊ ကိုရဲ ဘာပြောပြော ဒီအဖြစ်က ဖြစ်ပြီးနေပြီပဲ၊ ထူးခြားလာဦးမှာမှ မဟုတ်တာ၊ ခိုင် ကိုရဲထွတ်ကို ဒီနေ့ကစပြီး မေ့လိုက်တော့မှာပါ"

ရဲထွတ် အရုပ်ကြိုးပြတ် ပစ်လှဲချ လိုက်ချင်သည်။ တတ်နိုင်ရင်တော့ ခိုင့် လက်ကလေးကို ဆွဲကာ အဝေးကြီး ထွက်ပြေးလိုက်ချင်၏။

ဒါပေမဲ့ ခိုင်လေးဆိုသည့် ခိုင်ဦးသောင်းက လုံးဝလိုက်မှာ မဟုတ်တာကို သိသည်။ အင်းလေ ... ခိုင်လေးအကြောင်း ရဲထွတ် အသိဆုံးပါပဲ။

ခုလည်း ခိုင်လေး ဘယ်လောက် ခံစားနေရမလဲ ရဲထွတ် သိသည်။ ဒါပေမဲ့ အပြောကိုတော့ တစ်ပြားသားမှ လျှော့မှာမဟုတ်။

"ကိုရဲထွတ်လည်း ဒီနေ့ကစပြီး ခိုင်နဲ့ ပတ်သက်စရာ ဘာမှ မရှိတော့ဘူး နော်"

ဒီစကားကို တုန်ယင်စွာ ဆိုသည်။ ခိုင်ဦးသောင်း နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်နေ၏။ ဒီမြင်ကွင်းကို ရဲထွတ် စိတ်အထိခိုက်ဆုံး။

ချစ်ရသော ခိုင်လေး ဘယ်လောက်များ မချိတင်ကဲ ဖြစ်နေရှာမလဲ။

"ပြောရက်တယ် ခိုင်လေးရယ်"

ခိုင်ဦးသောင်းက ဆတ်ခနဲ မျက်နှာ ပင့်ကြည့်တော့ မျက်ရည်စတွေက ပါးပေါ် လွင့်ကျလာသည်။ ဒါကို သူမ အမြန်ဆုံး ပွတ်သုတ်ပစ်လိုက်ရင်း ...

"ခိုင်တို့က ပါးစပ်ကလေးနဲ့တင် ပြောရက်တာပါ ကိုရဲ"

ချာခနဲ လှည့်ပြေးထွက်သွားသော ခိုင်ဦးသောင်းကို ရဲထွတ် တွေတွေကြီး

ငေးစိုက် ကြည့်နေဖြစ်သည်။ ရင်ထဲမှာ ဟာလျက် ဘာတစ်ခုမှပင် မရှိတော့သလို ခံနေရ၏။

ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ခိုင်လေး ပေးသွားသော ဘူးကို မမိုတ်မသုန် ကြည့်ရင်းက အံကြိတ် ထားလိုက်၏။

ခိုင်လေး မျက်ရည်စတွေက ရဲထွတ်ရင်ကို လောင်ကျွမ်းစေသည်။

ရင်ထဲမှာ လောင်မြိုက်လေလေ နွယ်ယိမ်းကို ဒေါသဖြစ်လေလေ။

နွယ်ယိမ်းရေ ...

မင်းကို ငါသိပ်မုန်းတယ်ကွာ။

***

(နှစ်)

"ဝါး"

ကိုကို တစ်ယောက်တော့ ညစ်ပတ်ပြီ။

နွယ်ယိမ်း လက်ပတ်နာရီကို ကြည့်လိုက်သည်။

"ရှစ်နာရီခွဲကျော်ပြီ ကိုကိုရေ"

ပါးစပ်က တိုးတိုး ညည်းမိ၏။

ခုနတုန်းကတော့ နွယ်ယိမ်း ဗိုက်ဆာနေသည်။ ခုတော့ အဆာလွန် သွားတာလားမသိ။ မဆာတော့ဘဲ တဝါးဝါး သမ်းနေတော့သည်။

"ချိုတူး"

နွယ်ယိမ်း ခေါ်သံအဆုံးမှာ အခန်းထဲက ချိုတူး ပြေးထွက်လာသည်။

"နင် ဘာလုပ်နေလဲ၊ ဆာနေရောပေ့ါ"

"ရပါတယ်၊ ကာတွန်း ဖတ်နေတာ"

"စောင့်မနေနဲ့တော့ ချိုတူးရယ်၊ ထမင်းစားလိုက်တော့၊ နင့်ကိုကိုကို ငါပဲ စောင့်နေတော့မယ်"

"ရပါတယ် မမလေး"

"ရမနေနဲ့၊ ရမနေနဲ့၊ ဆာရောပေ့ါ၊ သွားစားတော့"

"မမလေးရော"

"သူလာမှပဲ စားမယ်၊ အင်းလေ ... သူလာရင်လည်း သူအပြင်က စားလာ

မှာပါ၊ ငါသိပါတယ်၊ ဒီအချိန် ရောက်နေမှ သူဘယ်နေလိမ့်မလဲ"

"အဲဒါဆို မမလေး စားတော့လေ"

"နေ ... နေ၊ စောင့်လိုက်ဦးမယ်၊ ဆာလည်း မဆာတော့ ပါဘူးဟယ်"

ချိုတူးကတော့ မနေ့က မင်္ဂလာဆောင်ပြီးမှ သိသိသာသာ အစွယ်ကျိုးသွားသော မမလေး နွယ်ယိမ်းကို တအံ့တသြ လှည့်တကြည့် ကြည့်နှင့်ပဲ ထွက်သွားတော့သည်။

ကိုကိုရေ ... လာပါတော့။

ပြန်မှ လာပါ့မလားဟု နွယ်ယိမ်း ပူပန်နေသည်။ ကိုကို ဒီလောက်တော့ ဆိုးသွမ်းသူမဟုတ်။ ဒါပေမဲ့ သူက နွယ်ယိမ်းကို မုန်းနေတာဆိုတော့ သိပ်တော့ ပြောနိုင်သည် မဟုတ်ချေ။

မနက်က ကိုကို ကျောင်းသွားတော့ နွယ်ယိမ်း တစ်ယောက်တည်း ခြောက်ကပ်ကပ် ကျန်ရစ်သည်။ မမကြီး နွယ်နီတို့ တိုက်ဆီ ကူးပြီး တူကလေး ဇော်ထူးနီနှင့် အချိန်ဖြုန်း နေလိုက်သည်။

ညနေမစောင်းခင် သုံးနာရီလောက်မှာ နွယ်ယိမ်း မနေနိုင်တော့။ ကိုကိုတို့ ကျောင်းဝင်းဆီ ကားနှင့် ထွက်ခဲ့သည်။

အဆောင်တွေရှေ့ နှစ်ခေါက်လောက်သာ ဖြတ်လျှောက် နေမိပါသည်။ နောက်က လူအုပ်အကြီးကြီး ပါလာလို့မို့ မြန်မြန် ပြန်လစ်ခဲ့ရသည်။

"ဟယ် ... နွယ်ယိမ်းနွေ လာတယ်တော့"

"ရုပ်ရှင် လာရိုက်တာလား မသိဘူး"

တိုးတိုး ပြောကြတာပေမဲ့ နွယ်ယိမ်း ကြားပါသည်။ နာမည်ကြီး ရတာလည်း မကောင်း ပါလားနော်။ ဘာတစ်ခုမှပဲ လွတ်လပ်စွာ လုပ်လို့မရတော့။

ဒါတောင် နွယ်ယိမ်း ဘာမှပြင်မလာခဲ့။

သနပ်ခါး တစ်စက်တောင် ပါးပေါ်မတင်ဘဲ မျက်နှာပြောင်နှင့် လာတာမို့ ပေါ့။ ပြင်သာ လာရလျှင် ကိုကို ပြောသလိုပဲ ဝက်ဝက်ကွဲသွားမယ် ထင်ပါရဲ့။

"ကြာလိုက်တာ ကိုကိုရယ်"

စိတ်ပူလာရသည်။

တစ်ခုခုဟော့ ဆိုသည်နှင့် စိတ်ကူးလေးမှ မဆုံးမီ လက်ကလုပ်လိုက်ပြီး ဖြစ်နေတတ်သည့် နွယ်ယိမ်း ထုံးစံအတိုင်း စိတ်ပူတာမှ တွေးမဆုံးခင် ...

မမကြီးတို့ ဖုန်းနံပါတ်ကို ကောက်နှိပ်ပြီးသား ဖြစ်နေ၏။ တစ်ခြံထဲက အိမ်သုံးအိမ်ကို လိုင်းသွယ်ထားသည့် နံပါတ် တစ်ခုတည်း ဖုန်းမို့ ခလုတ်ကလည်း တစ်ခုပဲ နှိပ်လိုက်ရုံ မြန်သည်လေ။

"မမကြီးလား"

"အေး ... ရဲထွတ် မလာသေးဘူး မဟုတ်လား"

"ဟုတ်တယ်"

နွယ်ယိမ်း အသံလေး တုန်လာရသည်။

"သူ လာမှ လာပါဦးမလား မမကြီး"

"အဲဒီလောက်လည်း စိတ်ပူမနေပါနဲ့ဟယ်၊ မလာဘဲတော့ မနေပါဘူး၊ နင် ထမင်းမစား ရသေးဘူးပေါ့ ဟုတ်လား"

"ဟုတ် ... ဟုတ်"

"ငါ မှာထားလို့လား နွယ်လေးရယ်၊ ခုချိန်ထိတော့ မစောင့်နဲ့ပေါ့၊ ကိုးနာရီပဲ ထိုးတော့မယ်"

"မမကြီး စောင့်ခိုင်းလို့ မဟုတ်ပါဘူး"

နွယ်ယိမ်း ဖုန်းတင်သည့် စားပွဲလေးကို လက်သည်းလေးနှင့် ကုတ်ခြစ်နေမိရင်းက ...

"နွယ်ယိမ်း သူနဲ့ ထမင်းလက်ဆုံ စားချင်တယ်၊ သူနဲ့ နွယ်ယိမ်း တစ်ခါမှ ထမင်း ဆုံမစားဖူးဘူး"

မမကြီးဘက်က ဘာသံမှ ထွက်မလာတော့ချေ။ နွယ်ယိမ်း ဖုန်းကို ညင်သာစွာ ပြန်ချလိုက်သည်။ ခုမှ ဗိုက်က တစ်ခါ ပြန်ဆာ လာပြန်သည်။

အိမ်ရှေ့ ထွက်လာရင်း သံပန်းတံခါး လှလှလေး နောက်ရပ်လျက် ခြံဝဘက်ဆီ မျှော်ကြည့်နေမိရင်း နွယ်ယိမ်း ဝမ်းနည်းလာရသည်။

အရင်တုန်းက နွယ်ယိမ်းတို့ ဒီလို မဟုတ်ပေါင်။ ဒီလို မဟုတ်လို့လည်း ကိုကို ဒီလောက်ထိ မုန်းခဲ့တာ ဖြစ်မည်။

ဒါကြောင့် ကိုကို့ကို လက်ထပ်ရတော့မည် ဆိုကတည်းက ပုံစံကို ပြင်ပစ်ခဲ့သည်။ ကိုကို သတိမှ ထားမိရဲ့လား။

"ဟော"

ကားသံ ... ကားသံ။ ကိုကို့ ကားစက်သံ ကလေးကို နွယ်ယိမ်း အလွတ်ရသည်။ နေ့တိုင်း အိမ်မှာ ရှိနေချိန်တိုင်း ကိုကို့ကား ပြန်လာသံကြားလျှင် နွယ်ယိမ်း အခန်းက စောင့်ကြည့်နေကျ။

ရှပ်တာ မှန်ချပ်လေးတွေကို မသိမသာလေး ဟကာ ကားပေါ်က ခပ်မတ်မတ် ဆင်းလာတတ်သည့် ကိုကိုရဲ့ထွက်ကို ခိုးကြည့်နေကျ။

ဒီနေ့ နောက်ကျတယ်၊ ဒီနေ့ စောတယ် စသည်ဖြင့် တိတ်တိတ်ကလေး မှတ်ချက်ပြုနေကျ။ ခုတော့ အခန်းထဲက ခိုးကြည့်ဖို့မလို။

သံပန်းတံခါး လှလှကို ပိုင်ပိုင်နိုင်နိုင် ဖွင့်ကာ ပေါ်ပေါ်တင်တင် ကြိုခွင့်ရ

သော ဘဝ။ နွယ်ယိမ်း ဗိုက်ဆာတာတောင် မေ့သွားသည်။ ကားထိ ပြေးဆင်းကာ ကြိုလိုက်၏။

"ကိုကို"

နွယ်ယိမ်း အသံကြောင့် ရဲထွတ် စိတ်နှင့်ကိုယ် ပြန်ကပ်သွားသည်။ နွယ်ယိမ်း အသံလေးကို ခပ်မဲ့မဲ့ပြုံးရင်း ကျိတ်လို့ ချီးကျူးမိသည်။

တတ်နိုင်ပ့ါ။

အသံမှာ ဝမ်းသာတာ၊ ဝမ်းနည်းတာ၊ မဝံ့ရဲတာလေးတွေ ပေါင်းစပ်လျက် အားကိုးတကြီး အသံကလေးမျိုး။

"နွယ်ယိမ်းကို လွယ်အိတ်ပေး"

ရဲထွတ် ပခုံးက လွယ်အိတ်ကို လှမ်းဖြုတ်ယူရင်းက ရဲထွတ် လက်ထဲက ဘူးကလေးကို သတိပြုမိသွား၏။

"ဘာဘူးလဲဟင်"

ရဲထွတ် ပြန်မဖြေဖြစ်။ ဘူးကို ကိုင်ထားသော လက်တို့ကတော့ ပိုမိုတင်းကျပ် သွားရသည်။ ခိုင်ဦးသောင်း မျက်နှာလေးကို မြင်ယောင်ရင်းက ရင်ထဲမှာ တင်းကျပ်နေရသည်။

"နောက်ကျတယ်နော် နွယ်ယိမ်း စိတ်ပူနေတာ"

စကားပြန်မရ။ အင်္ကျီချွတ်ပြီး ရဲထွတ်က ခုတင်ပေါ် ပစ်တင်လိုက်၏။ နွယ်ယိမ်းက အင်္ကျီကို ကောက်ယူကာ လျှော်ဖို့ အဝတ်ဟောင်း ထည့်သည့် ခြင်းထဲထည့်ရန် ပြင်သည်။

"မလျှော်ဘူး"

"တစ်နေကုန်ပဲ ကိုကိုရယ်၊ ဟင် ... ချွေးနံ့ကို ထွက်နေတာပဲ"

အင်္ကျီကို နှာခေါင်းနား ကပ်ရှူရင်း နွယ်ယိမ်းက နှာခေါင်း ရှုံ့ပြသည်။

ရဲထွတ်က နွယ်ယိမ်း လက်ထဲက အင်္ကျီကို ဆတ်ခနဲ ပြန်ယူရင်း အင်္ကျီချိတ်မှာ ချိတ်၏။ နွယ်ယိမ်း ကြောင်တောင်တောင် ေးသွားရသည်။ ရဲထွတ် မျက်နှာတင်းတင်းကို မြင်တော့ မျက်နှာလေး ပျက်သွားရ၏။

လျှော့ဖို့ လိုမှန်းသိလျက်နှင့် နွယ်ယိမ်း ဆန္ဒတစ်ခုကို ဆန့်ကျင်ပြလိုက်ခြင်း ပဲလေ။ နွယ်ယိမ်း ငတုံးမှမဟုတ်တာ မသိဘဲနေမလား။

ဒါပေမဲ့ အောင့်သက်သက် စိတ်ကို ထိန်းလိုက်ရင်း ...

"ကိုကို ထမင်းစားခဲ့မလား"

အားလျော့စွာပဲ မေးမိသည်။ ဒီချိန်ထိ ရဲထွတ် အဆာခံနေပြီး နွယ်ယိမ်းနှင့် လက်ဆုံစားဖို့ ရည်ရွယ်ချက် ရှိခဲ့မှာ မဟုတ်တာလည်း ကြိုသိသည်။ စားခဲ့ပြီးပါပြီဟုလည်း ကြိုတွက်သည်။ အဲဒီလိုပဲ ဖြေမည်ဟုလည်း ကြိုတွေးသည်။

သူကလည်း အဲဒီလိုပဲ ဖြေသည်။

"စားခဲ့တယ်"

ဒီလို ဖြေမှာပဲ သိလျက်နှင့် ဖြေလိုက်သံ ကြားမှ မျက်ဝန်းက မျက်ရည်တစ်ပေါက်က လွင့်ခနဲ ခုန်ချလာ၏။ ဖယောင်းပုဆိုး ကြမ်းခင်းပေါ် ကျသည်။ နွယ်ယိမ်း စကားထပ် မဆိုဖြစ်။

အခံရခက်လိုက်တာ ပြောစရာမရှိ။ ဗိုက်က ပိုလို့ဆာကာ အောင့်၍တောင်လာသည်။ အချစ်ဆုံး လူအတွက်မို့ မနည်းကြိုးစား ချိုးချထားရသော မာနတံခွန်က အရင်ကအတိုင်း ငယ်ထိပ်အထက် တစ်လံလောက်မှာ တလူလူ ပြန်လွင့်ချင်လာသည်။

ရဲထွတ် မျက်နှာကို ပေစောင်းစောင်း ကြည့်လိုက်မိ၏။

"ဒီနေ့ နွယ်ယိမ်း ကျောင်းရောက်တယ်"

"ဘာကွ"

ရဲထွတ် မျက်နှာ တည်သွားသည်။ မလာပါနဲ့၊ မလိုက်ပါနဲ့ဟု မနက်ကတည်းက သေချာပြောသည်။ လာဖြစ်အောင် လာခြင်းသည် ကိုယ့်ကို အထိရောက်ဆုံး ဆန့်ကျင်ပြ လိုက်တာလား။

"မလာပါနဲ့ ဆိုတာကိုမှ မင်းက လာဖြစ်အောင် လာရလား"

"လာတာပေ့ါ၊ ကိုကိုက ကျောင်းဆင်းချိန်မှာ ရောက်မှ မလာဘဲကွ"

"ငါကျောင်းဆင်းတဲ့ အချိန် မင်းသိလို့လား"

"ကိုကို့ တိုင်တေဘယ် နွယ်ယိမ်းမှာ ရှိတယ်၊ ဒီနေ့ တနင်္လာနေ့ နှစ်နာရီမှာ ကိုကို ပြီးပြီလေ၊ အဲဒါ သုံးနာရီထိုးထိ ကိုကို ပြန်မရောက်သေးဘူး၊ အင်းလျားလမ်းနဲ့ ရာဇူးကျောင်းဝင်း လမ်းလျှောက်ရင်တောင် ဆယ့်ငါးမိနစ် မကြာဘူး ကိုကို"

"ဩော ... ဩော ... ငါက အချိန်ကို အတိအကျတွက်ပြီး ဒင်ခနဲထိတာနဲ့ ဖြုန်းဆို ရောက်လာရမှာလား၊ ငါယောက်ျားလေးပဲကွ၊ အချိန်တွက်ပြီး ကန့်သတ်ပေးဖို့တော့ မကြိုးစားနဲ့"

"ယောက်ျားဆိုပြီး အချိန်မရှိ အချိန်ရှိ ထင်တိုင်း သွားလို့ ပြန်လို့ ရတယ်တဲ့လား"

"နွယ်ယိမ်း ... ငါ့ဘဝကို အကြီးမားဆုံး၊ အကြမ်းတမ်းဆုံး ဘောင်တစ်ခုနဲ့ မင်းထင်သလို ခတ်ခဲ့ရခဲ့ ပြီးပြီပဲကွာ၊ ဒါထက်ပိုပြီး ချုပ်ကိုင်ဖို့ စိတ်မကူးနဲ့၊ ရမှာလည်း မဟုတ်ဘူး၊ မင်းအတွက် အပိုပဲ"

"နှစ်နာရီခွဲ ကျောင်းပြန်ဆင်းတဲ့ ကိုယ့်ယောက်ျား ရှစ်နာရီခွဲမှ အိမ်ပြန်ရောက်တဲ့ ကိစ္စကို နွယ်ယိမ်းက ရယ်ပြီး ကြည့်နေရမလား"

"ရယ်ကြည့်ကြည့် ငိုကြည့်ကြည့် မင်းသဘောပဲ၊ ငါလည်း ငါ့ဘာသာ ငါ့

သဘောနဲ့ ငါနေမယ်၊ သွားစမ်းကွာ"

"အင်"

ညာလက်ကို ဆတ်ခနဲ ခါကာ သွားစမ်းကွာဟု ရန်လိုစွာ ပြောဟန်ကြောင့် နွယ်ယိမ်းရင်ထဲ စစ်ခနဲ ကျင်တက်သွားရသည်။

ဘာဆက်ပြော ရမလဲတောင် မသိအောင် ရဲထွတ်စကားက ဇာတ်လမ်းပြတ်သည်။ နွယ်ယိမ်း တောင့်တောင့်ကလေး ရပ်နေမိ၏။

ရဲထွတ်က သူယူလာသော ဘူးဖြူဖြူကလေးကို အဖုံးဖွင့်ကာ ဆွေးဆွေးမြည့်မြည့် ကြည့်နေ၏။ ကြည့်ရင်းက နွယ်ယိမ်းကို အားနာဖို့ နည်းနည်း သတိရလာသည်။

နွယ်ယိမ်းထံ ဆတ်ခနဲ ကြည့်မိတော့ နွယ်ယိမ်း မျက်ဝန်းတွေက ကတ်ဘူးလေးထဲက စာအိတ် လှလှလေးတွေ အပေါ် စိုက်စိုက်တန့်တန့် ကြည့်ငေးနေလေတာ တွေ့ရ၏။

ရဲထွတ် ဘူးကို ဆတ်ခနဲ ပိတ်ကာ စားပွဲပေါ် တင်လိုက်သည်။ နွယ်ယိမ်းကို ကိုယ်ချင်းစာစိတ်နှင့် နည်းနည်း သနားသွား၏။ သူ့ကို လုံးဝဂရုမစိုက်ဘဲ မာကျောစွာ ဆက်ဆံပစ်ပြီး ရည်းစားဟောင်းနှင့် ပတ်သက်သည့် စာတွေကို တယုတယ ရှိနေတော့ နွယ်ယိမ်း ဘယ်လိုနေမလဲ။

သူ့ရင်ထဲ အောင့်နေမှာပဲ၊ ဒီကောင်မလေး အရင်ကထက် အများကြီး အပိုးကျိုးကာ ရဲထွတ်အပေါ် ပိုပြီး သည်းညည်းခံ ပြလာသည်။

"မင်း ... ထမင်းမစား ရသေးဘူးလား"

"ဟင့်အင်း"

"သွားစားလေ၊ နောက်နေ့တွေ မစောင့်နဲ့၊ စားနှင့်၊ တို့က အချိန်မှန်တာ မဟုတ်ဘူး"

"အချိန်မှန်တာ မဟုတ်ဘူးဆိုပြီး ဒီအတိုင်း နေလိုက်မဲ့အစား အချိန်မှန် အောင် ကြိုးစားကြည့်ပါလား ကိုကိုရယ်"

"တို့ ... ကျောင်းမှာ ပျော်တယ်"

"ဩော်"

နွယ်ယိမ်း နှလုံးသား အေးစက် ထုံကျင်သွားရသည်။

"အိမ်မှာတော့ စိတ်ညစ်တယ်လား၊ ဟုတ်လား ... ကိုကို"

"ဒီနေ့ဆို ကျောင်းရောက်တာ တို့ရင်မှာ လွတ်လပ် သွားတာပဲကွာ၊ စိတ် ကျဉ်းကျပ် နေတာတွေလည်း ပြေပျောက်သွားတယ်၊ ရင်ထဲ ချုပ်တည်း ထားရတာတွေလည်း သူငယ်ချင်းတွေကို ပြောပြလိုက်တော့ ပေ့ါပါးသွား တယ်၊ ခိုင်လေး ... အဲ ... ခိုင်ဦးသောင်းကို တွေ့လိုက်တော့ ဘယ်လို ပျော် မှန်းမသိ"

"ဟင့် ..."

ရဲထွတ် လန့်သွားသည်။ နွယ်ယိမ်း ရှိုက်နေတာ မြင်မှ သူ့စကား နည်း နည်း လွန်သွားတာ သတိရ၏။

နွယ်ယိမ်း ရှေ့ထားလျက် ခိုင်ဦးသောင်းနှင့် တွေ့ရလို့ ပျော်တာတွေ စာစီကုံး ပြနေတော့ နွယ်ယိမ်း သိပ်အခံရခက် သွားတာပဲ ဖြစ်မည်။

"ဆောရီးပဲ၊ နွယ်ယိမ်းရှေ့မှာ မပြောသင့်ဘူး"

"ကွယ်ရာမှာရော"

နွယ်ယိမ်း အမောတကော မေးသည်။

"ကွယ်ရာမှာဆိုရင် ကိုကို အားပါးတရ ပြောနေမှာပဲလား၊ အဲဒီလောက် ချစ်သလား၊ နွယ်ယိမ်း ကွယ်ရာမှာ ဘယ်လိုနေမှာလဲ"

ရဲထွတ် မဖြေ။

"ကိုကို ... ကွယ်ရာမှာရောလို့ မေးနေတယ်။ မေးနေတယ်ကွ ..."

အော်မေးလိုက်တော့ ရဲထွတ် စိတ်တိုသွားသည်။ သူက အော်ရသေး။

"ဘယ်သိမလဲကွ၊ နေချင်သလို နေမှာပေါ့"

နွယ်ယိမ်း တိုး၍ ရှိုက်လိုက်သည်။ နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ပစ်လိုက်၏။ ဗိုက်ဆာလို့ သေတော့မည်။ ဒီလို အဆာခံ စောင့်နေရသူကို သူမကြင်နာ။

အော်ရက်သည်။ နှင်ထုတ်ရက်သည်။

ပြီးတော့ ... ကွယ်ရာမှာ နေချင်သလို နေမတဲ့။

"အဲဒီလိုမှန်း သိရင် ကိုကို့ကို လက်မထပ် ဖြစ်ခဲ့ဘူး"

ခါးခါးသီးသီး ဆိုဖြစ်သည်။ ဒီလောက် အကြင်နာမဲ့မည် မထင်လို့ပါ၊ မထင်လို့ လက်ထပ်ခဲ့တာပါရှင်။

"ဒါကတော့ မင်းဘာသာ မင်းလုပ်ပစ်တဲ့ ဇာတ်လမ်းပဲကွ၊ မင်းကို လက်ထပ်ပါရစေလို့ ငါခွင့်မတောင်း ခဲ့ဘဲနဲ့ မင်းဘာသာ လက်ထပ်ယူတာပဲ၊ မင်း ငါ့ကို အပြစ်တင်ဖို့ မလိုဘူးလေ၊ ငါ့အဖေ စိတ်ဆင်းရဲမှာစိုးလို့ ငါ ကြိတ်ခံလိုက်ရတာ၊ ငါ့အသည်းတွေ ဘယ်လောက် ကွဲအက်ကုန်သလဲ၊ ငါ ဘယ်လောက် ခံစားရသလဲ၊ မင်းထည့်တွက် ခဲ့သလား၊ မင်းက နိုင်ပြီးသားပါ၊ မင်းလိုချင်တာ ရပြီးသားပါ၊ ခုမှ ဒီစကားမျိုး ပြောတာတော့ မင်း နောက်ကျနေပြီကွ၊ အေး ... ငါကလည်း လက်မထပ်ဖြစ်လေ ကြိုက်လေ ပေါ့၊ ပူမနေစမ်းပါနဲ့ကွာ၊ မင်းဘက်က မှားသွားပြီထင်ရင် ငါက အဆင်သင့် ပဲ"

ရှည်လျားစွာ ပြောပြီး ရဲထွတ် လှည့်ကြည့်လိုက်သည်။

"ဟောဗျာ"

နွယ်ယိမ်း မရှိတော့။ တစ်ခန်းလုံး ငြိမ်သက်နေသည်။ ရဲထွတ် ထိုင်ရာက ထ အခန်းဝကို လျှောက်သွားကာ အိမ်ထဲ ငေးကြည့်လိုက်သည်။

နွယ်ယိမ်း အရိပ်တောင် မတွေ့ရ။ သံတံခါးကတော့ ပွင့်နေသည်။ အိမ်ကြီးပေါ်သွားပြီး အတိုင်အတော ထူတော့မည် ထင်သည်။ ရဲထွတ် စိတ်ညစ်သွား၏။

ဒက်ဒီ ဆူတော့မည်။

သံတံခါးကို ပြန်ပိတ်ရင်း ...

"ချိုတူး ... နင့်အစ်မကော"

"ထွက်သွားတာပဲ၊ ဘယ်အိမ်လဲတော့ ကျွန်မလည်း မသိဘူး"

"လိုက်ခေါ်စမ်း"

"ဟုတ်"

"အတိုင်အတော ထူမနေနဲ့လို့ပြော၊ တိုင်နေပြီ ဆိုရင်လည်း အပိုတွေထည့်ပြီး ကုန်းမချောဖို့ မှာလိုက်တယ်လို့ ပြောလိုက်စမ်း"

ချိုတူး လှစ်ခနဲ ပြေးထွက်သွားသည်။ တစ်အိမ်လုံး ရဲထွတ် တစ်ယောက်ပဲ ကျန်၏။ စိတ်တိုတိုနှင့် ဧည့်ခန်းထဲ လမ်းလျှောက် နေဖြစ်သည်။

လမ်းလျှောက် နေဆဲမှာပင် ဖုန်းခေါ်သံလေး တစ်ချက် အော်မြည်လာ၏။

"ဟယ်လို ... ရဲထွတ်ပါ"

"ရဲထွတ်ရေ ... မနွယ်နီပါ"

"ဪ ... ဟုတ်ကဲ့၊ ပြောလေ မနွယ်နီ"

"နွယ်လေးတော့ မနွယ်တို့ အိမ်ရောက်နေတယ်၊ ဒီမှာပဲ အိပ်မယ်တဲ့၊ အဲဒါ ဖုန်းဆက်ပြောတာ"

"ဟုတ်လား၊ သူစိတ်ဆိုးပြီး ထွက်သွားတာ မနွယ်နီရဲ့"

နွယ်နီဝေကတော့ ရဲထွတ်ထက် နှစ်နှစ်ကျော်ကြီးကာ အေးဆေးသူမို့ ရဲထွတ်ကိုယ်တိုင် ရိုရိုသေသေပဲ ဆက်ဆံသည်။

"ရဲထွတ်တို့ နှစ်ယောက်က ခုထိ ကလေးတွေလိုပဲ စိတ်ကောက် ကြတုန်းကိုး၊ ချိုတူးလည်း ရောက်လာပြီ၊ ဒီမှာပဲ အိပ်ကြလိမ့်မယ်၊ မနက်ကျ ပြန်လွှတ်လိုက်မယ်၊ တံခါး ထဖွင့်ပေးလိုက်ပေ့ါ"

"ဟုတ်ကဲ့၊ သူ ... အဲ ... နွယ်ယိမ်း ဘာလုပ်နေလဲ မနွယ်နီ"

ငိုများနေမလား တွေးမိသည်။ ဒက်ဒီတို့ အိမ်ကြီးဆီ မသွားတာတော့ ကျေးဇူးတင်မိသည်။

"သူ ထမင်းစားနေတယ်၊ သူက ရဲထွတ်ကို စောင့်နေတာ၊ ခုတော့ ဆာနေပြီလေ"

"သူ ... သူကလည်း အလကား စောင့်နေတာ"

"လင်နဲ့မယား ထမင်းလက်ဆုံ စားတာဟာ အလကား အလုပ်တော့လည်း မဟုတ်ဘူးပေ့ါ ရဲထွတ်ရယ်၊ ကဲ ... ဒါပဲနော်"

ရဲထွတ် ဖုန်းကို အသာ ပြန်ချလိုက်သည်။

ခုတင်ပေါ် လာပြန်တက်ကာ လှဲအိပ်လိုက်သည်။ နွယ်ယိမ်း ခေါင်းအုံးနံဘေးမှာ အယ်လ်ဘမ်တစ်ခု ယူကြည့်လိုက်တော့ 'မိသဲ' ဇာတ်ကားထဲက ဇာတ်ဝင်ခန်း ဓာတ်ပုံတွေ ဖြစ်နေ၏။

ထိုဇာတ်ကားထဲက မိသဲစရိုက်က အပြင်က နွယ်ယိမ်းနှေ၏ စရိုက်ပဲဖြစ်သည်။ ဒါကြောင့်လည်း ပီပြင်လှကာ ထိုပထမဆုံး ကားနှင့်ပင် အကယ်ဒမီ ရခဲ့တာပဲပေ့ါ။

နွယ်ယိမ်းက အကယ်ဒမီ မင်းသမီးပေမဲ့ ကလေး ဆန်လွန်းသည်ဟု ရဲ

ထွတ် ထင်သည်။ ဓာတ်ပုံထဲက မျက်နှာတွေမှာတောင် ကလေးစိတ် မကုန်တာ သိသာ၏။

ရှေ့ဆုံးပုံမှာ ဘောင်းဘီဝတ်လျက် ခါးထောက်ထားသော နွယ်ယိမ်းပုံစံလေးက နုစင် သန့်ရှင်းနေ၏။ ဂျစ်တူးပုံစံ အပြည့်ဝင်သည်။

ပထမဆုံး နွယ်ယိမ်းကို ရဲထွတ် စတင် မြင်ဖူးစဉ်နေ့က နွယ်ယိမ်း ဘောင်းဘီ ဝတ်ထားသည်။ ခုပုံစံအတိုင်းပဲ ဖြစ်သည်။

ပါးချိုင့်တစ်ဖက် ပေါ်အောင် နှုတ်ခမ်းထော်လျက်။

***